**ယခုချိန်တွင် ဘုရားထံမှဘာကိုမျှော်လင့်နိုင်ပါသနည်း။**

**အခန်းဆက် အက်ဆေးများနှင့်မိတ်ဆက်ပေးခြင်း**

ကမ္ဘာလုံးဆိုင်ရာ (COVID 19)အကျပ်အတည်းဖြစ်ပွားချိန်၌ ဘုရားကိုမည်သို့ယုံကြည်နိုင်ကြောင်း ဆက်စပ်ရေးသားထားသော အခန်းဆက် အက်ဆေးများဖြစ်သည်။




ဤဗိုင်းရပ်စ် ကိုဘုရားကချက်ချင်းဖယ်ရှားပေးလျှင်ကောင်းမည်။ ကျွန်ုပ်အတွက်၊ ကျွန်ုပ်၏ချစ်ခင်ရသူများအားလုံးအတွက်စိုးရိမ်နေမိသည်။ ကျွန်ုပ်မိသားစု နှင့်အခြားသူများကို ကာကွယ်ပေးရန်ဘုရားသခင်ထံဆုတောင်းပါသည်။ သို့သော်သေဆုံးမှုများလာခြင်း၊ နောင်တွင်ဤထက်ပို ဆိုးလာမည်ဟူသောခန့်မှန်းသတင်းများကြောင့် စိုးရိမ်ပူပန်မှုလည်းမြင့်တက်လာရပါသည်။ သို့သော်ထိုသို့စိုးရိမ်ပူပန်နေသည်မှာ ကျွန်ုပ်တစ်ယောက် ထဲမဟုတ်ပေ။

ဘုရားမကူညီလျှင်မည်သို့ဖြစ်လာမည်နည်း။ ယခုပင်လူထောင်ချီသေဆုံးနေပြီး နောင်တွင်ဆက်လက်တိုးလာနိုင်သည်။ ဤသို့သောကပ်ရောဂါ အခြေအနေမျိုးတွင် ဘုရားသခင်မည်သို့လုပ်ဆောင်ပေးမည်ဟု ကျွန်ုပ်တို့မျှော်လင့်နိုင်ပါသနည်း။

ကျွန်ုပ်တို့၏ဝိညာဉ်ရေးမှာ "ဘုရားကယ်ပါ"ဟူသောအခြေအနေတွင်ရှိနေပါသည်။ အကူအညီရရန် ဘုရားထံဆုတောင်းနေသောအချိန်ဖြစ်သည်။အချို့ခရစ်ယာန်များမှာ "ဘုရားဘယ်မှာလဲ"၊ "ခံစားနေရတာကိုဘုရားက ဂရုပြုပါရဲ့လား"၊ "ဘာလို့ဘုရားကအကူအညီမပေးရတာလဲ"၊ "ဘုရားကဒါကိုမကယ်တင်ဘူးဆိုရင် ဘုရားဆီကဘာကိုမျှော်လင့်ရတော့မလဲ" ဆိုပြီးသံသယ မေးခွန်းများနှင့်လုံးပန်းနေသူလည်းရှိနေနိုင်ပါသည်။

ဤမေးခွန်းများကိုကျွန်ုပ်အနေဖြင့်တွေးနေမိပါသည်။ ကျွန်တော့်ဇနီး၏ ပထမဆုံးကိုယ်ဝန်ပျက်ကျသွားခဲ့ချိန်၊ကျွန်ုပ်အမေ အတိတ်မေ့ ရောဂါခံစားရချိန်၊ ကျွန်ုပ်တို့၏သားဦးလေးမွေးဖွားလာသောနောက်တစ်နေ့မှာပင် ကျွန်တော့်တွင်သေနိုင်လောက်သောအရေပြားရောဂါဖြစ်ပွားလာချိန်တွင် ထိုသို့သောမေးခွန်းမျိုးကိုပင် ကျွန်ုပ်မေးခဲ့ပါသည်။ ကျွန်ုပ်သိလိုသည်မှာ- "ဘုရားသခင်ကိုယုံကြည်နိုင်ပါသလား" "ယုံကြည်နိုင်သည်ဆိုလျှင်လည်း ဘာအတွက်ယုံကြည်နိုင်ပါသလဲ" ဆိုသည့်အရာဖြစ်သည်။



ခက်ခဲချိန်များတွင် ဤသို့သောမေးခွန်းများကို မေးနေတတ်သည်။ အထူးသဖြင့် တစ်နှစ်လျှင် ၆လတာမျှအမှုတော်မြတ်လုပ်ငန်းများလုပ်ဆောင်လျှက်ရှိသော မြန်မာနိုင်ငံအတွက် ကျွန်ုပ်ပို၍မေးနေမိသည်။ နေ့စဉ်လူတို့၏ ဒုက္ခဆင်းရဲများကိုမြင်နေရသဖြင့် ထိုသို့မေးခွန်းများကိုမေးနေမိခြင်းဖြစ်သည်။ ထိုမေးခွန်းများအတွက် စိတ်ကျေနပ်လောက်သည့်ဆင်ခြင်တွေးခေါ်မှုမျိုး၊ ပူဆွေးဒေါသများကို ဖြေဖျောက်နိုင်လောက်သော အဖြေမျိုးကျွန်ုပ်မရရှိသေးပေ။ ဘုရားသခင်ကို နားလည်နိုင်ရန်ကျွန်ုပ်တို့ဆန္ဒရှိပါသော်လည်း ကျွန်ုပ်တို့နားမလည်နိုင်ပေ။ သို့သော် ဘာကိုယုံကြည်သည်၊ ယုံကြည်သည့်အပေါ် ဘယ်လိုလုပ်ဆောင်သည်ဆိုသည့် အချင်းအရာများအားဖြင့် အခက်အခဲများ၊ မသေချာသည့်အနာဂတ်အတွက် ကျွန်ုပ်တို့ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။

လာမည့်ရက်သတ္တပတ်များ၌ ဒုက္ခရောက်ချိန်တွင်ဘုရားကိုယုံကြည်နိုင်သည့် ဝိညာဉ်ရေးအမှန်တရား-၇ ခုကို ကျွန်ုပ်ဆွေးနွေးပြောဆိုသွားမည်ဖြစ်သည်။

**၁. ဘုရား၏အလိုတော်နှင့် နည်းလမ်းကိုနားလည်နိုင်ရန် သင့်တွင်အကန့်အသတ်ရှိနေကြောင်းသတိရပါ။ ဘုရားပေးသောမည်သည့်အရာမျိုးကိုမဆိုလက်ခံပါ။**

**၂. သင့်ဘဝအတွက်၊ သင့်လုပ်ငန်းဆောင်တာများအတွက် ဘုရားက ဦးဆောင်လမ်းပြပေးမည်ကို မျှော်လင့်ပါ။**

**၃. သင်ကြုံတွေ့ရင်ဆိုင်နေရသော နာကျင်မှုများအားဖြင့် ဘုရားက သင်၏အကျင့်၊သင်၏ယုံကြည်မှုကို ပြုပြင်တည်ဆောက်ပေးမည်ဟု မျှော်လင့်ပါ။**

**၄. ခရစ်တော်၏ဒုက္ခဆင်းရဲကိုဝေမျှဖို့ရန်ခွန်အားယူပါ။ ခရစ်တော်၏ဘုန်းတော်ကိုဝေမျှခံယူပါ။**

**၅. မည်သည့်အရာကမျှ သင့်ကိုဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် မကွဲကွာစေနိုင်ကြောင်းကို သတိရပါ။**

**၆. အရာရာတတ်စွမ်းနိုင်သော ဘုရား၏လက်တော်ထဲသို့သင်၏ပူပန်ခြင်းများအပ်နှံလိုက်သည်နှင့် ငြိမ်သက်ခြင်းကိုသာ မျှော်လင့်နေပါ။**

**၇. သင့်၏အကန့်အသတ်ရှိခြင်းကိုလက်ခံပြီး ဘုရားကသင့်အသက်တာကိုအသစ်ပြုပြင်ပေးမည်အကြောင်းစောင့်မျှော်နေပါ။**

ဤအက်ဆေးများသည် ယခုကြုံတွေ့နေရသော (COVID-19)ဗိုင်းရပ်စ်၏ခြိမ်းခြောက်မှုအားလုံး၏ အဖြေများကိုဖြေရှင်းပေးမည်ဟု မဆိုလိုပေ။ ဤအက်ဆေးများမှာ ခက်ခဲချိန်၊စိတ်ပျက်အားလျော့ချိန်များအတွက် ဝိညာဉ်ရေးခွန်အားပေးနိုင်မည့်အကြောင်းသာဖြစ်သည်။ ကျွန်ုပ်၏အတွေ့အကြုံနှင့် ခရစ်ယာန်များစွာတို့၏အတွေ့အကြုံဖြတ်သန်းမှုများ၊ သမ္မာကျမ်းစာထဲမှ ဆင်ခြင်တွေးခေါ်သောအရာများ အပေါ်တွင် မှီတည်ရေးသားထားခြင်းဖြစ်သည်။ ဤအရာများသည် သိပ္ပံနည်းကျဆန်းစစ်ထားသောကြောင့် မှန်ကန်သည်ဟူ၍မဟုတ်ပေ။ သို့သော် သမ္မာတရားအပေါ်ယုံကြည်ပြီးအသက်ရှင်သောသူတို့၏ စိတ်နှလုံး၊အတွေး၊အသက်တာများအားဖြင့် မှန်ကန်သည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ ဖတ်ရှုသူများအနေဖြင့် အနှစ်သာရနှင့် အဓိပ္ပာယ်ကိုဆင်ခြင်နိုင်လျက် မိမိ၏အတွေးအမြင်၊ မှတ်ချက်၊ မေးခွန်းစသည်တို့ဖြင့် အပြန်အလှန် ဝေမျှနိုင်ရန် ဆန္ဒပြုပါသည်။

**ဘုရားသခင်ထံမှ သင်ဘာကိုမျှော်လင့်နိုင်ပါသနည်း။**



Jesus healing the blind man, Chartres Cathedral, France